


“နအဖ အခြေခံဥပဒေ” အတည်ပြုခြင်းနှင့်ပတ်သက်+ပီး
ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ.
ထုတ်ပြန်ချက်
(၄/၂၀၀၈)
(၃၁ - ၅ -၂၀၀၈)

နအဖ ဟာ သူတို့ရဲ့ဆန္ဒခံယူပွဲမှာ ထောက်ခံမဲ ၉၂.၄၈ ရတယ်လို့ မရှက်မကြောက်ကြေညာသွားပါပြီ။ ဒီဂဏန်းဟာ သူတို့ ဆန္ဒခံယူပွဲလုပ်မယ်လို့ မကြေညာမီကတည်းက ဆုံးဖြတ်သတ်မှတ်ထားပြီးဖြစ်တဲ့ အရေအတွက်ဖြစ်ပါတယ်။ ဒီအရေအတွက်ကို ညစ်လို့ တဖုံ၊ ခြိမ်းခြောက်လို့တနည်း၊ အောက်လမ်းနည်းမျိုးပေါင်းစုံနဲ့ သေနတ်ထောက်ကာ အရယူခဲ့တာ ဖြစ်ပါတယ်။ သူတို့ လိုချင်တာကို မြစ်ဝကျွန်းပေါ်က ပေါလောပေါ်နေတဲ့ အလောင်းတွေ၊ ငတ်ပြတ်နေ၊ ရောဂါဘယတွေကျရောက်နေတဲ့ ဒုက္ခသည်တွေကို စတေးပြီး ရယူလိုက်တာ ဖြစ်ပါတယ်၊

နအဖ က ဆနခြံယူပွဲကို ကျင်းပတာဟာ ရှေ့ဆက်ပြီး သူတို့လုပ်ချင်တာတွေ လုပ်လို့ရအောင် ကုန်းဘောင်ထိုးလိုက်တာသာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ဟာ မျိုးဆက်အဆက်ဆက် ဆက်ခံကြမယ့် သူတို့အာဏာကို တရားဝင် အတည်ဖြစ်အောင်၊ ခိုင်ခံ့အောင်လုပ်တာ ဖြစ်ပါတယ်။ ဒီလို လုပ်ဖို့အတွက် ဒီအဆင့်ကို ကျော်လွှားနိုင်သွားပြီမို့ ကျန်တာတွေကို ဘယ်လောက်တရားမဲ့မဲ့ ဖွတ်ရောအမွှေပါ တွန်းလုပ်ပါတော့မယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျယ်ချုပ်သက်တမ်းကို တနှစ်တိုးလိုက်တာဟာ အထင်ရှားဆုံး သာဓကဖြစ်ပါတယ်။ ဒါဟာ ဆန္ဒခံယူပွဲအလွန် ဗမာပြည်နိုင်ငံရေးကို ကိုယ်စားပြုမယ့် ပထမဦးဆုံးစံကျတဲ့ ထိပ်တိုက်တိုးမှုဖြစ်ပါတယ်။ နအဖ ဟာ ပြည်သူလူထုနဲ့ နိုင်ငံတကာအာဘော်ပိုင်းကို ထိပ်တိုက်တိုး၊ မိုက်မိုက်ရိုင်းရိုင်း ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်ထားပါပြီ။

ဒီလိုအခြေအနေမှာ ပြည်သူတွေ၊ အတိုက်အခံအင်အားစုတွေ အနေနဲ့လည်း ထိထိရောက်ရောက် ပြင်ဆင်ကြရပါတော့မယ်။ ပြင်ဆင်မှုရှိစွာ လုပ်တာနဲ့ ပြင်ဆင်မှုမရှိဘဲ လုပ်တာတို့မှာ ကွာခြားမှုရှိပါတယ်။ ကိုယ့်ထက် အင်အားအဆမတန်ကြီးတဲ့ စစ်အစိုးရနဲ့ ရင်ဆိုင်ရာမှာ တပွဲထိုး၊ တပွဲပြတ် စဉ်းစားလုပ်လို့ မဖြစ်ပါဘူး။ လူတန်းစားလူ့အလွှာအသီးသီးက သဏ္ဍာန်အမျိုးမျိုးသော တိုက်ပွဲ အဆင့်ဆင့်ကို ဆင်နွှဲဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။

၁။ ဒီအတွက် ပြည်သူတွေဘက်က ပြည်သူ့အင်အား(People's Power)ကို စည်းရုံးရပါတော့မယ်။ တခြားနည်းလမ်း ရွေးချယ်စရာမရှိပါဘူး။ စစ်အုပ်စုကို သူတို့နားလည်တဲ့စကားနဲ့ပဲပြောမှ ဖြစ်တော့မှာပါ။ စစ်အုပ်စုနားလည်တဲ့ စကားဆိုတာဟာ လက်နက်နဲ့ အန်တုတာရယ်၊ ပြည်သူ့အင်အားနဲ့ အကျပ်ကိုင်တာရယ် နှစ်မျိုးပဲရှိပါတယ်။ ဒီနှစ်နည်းကို တပြိုင်နက်တည်းဆင်နွှဲလို့လည်းရတယ်၊ တခုချင်းဆင်နွှဲလို့လည်း ရပါတယ်၊ ဒါပေမဲ့ ဒီနေ့အခြေအနေမှာ ဘယ်နည်းကိုပဲလုပ်လုပ် မြေအောက် (ယူဂျီ) လှုပ်ရှားမှုကတော့ အရေးပါတဲ့အခန်းက ပါနေရမှာဖြစ်ပါတယ်။

၂။ ‘ပြည်သူ့အင်အား’ (လူထုလှုပ်ရှားမှုကြီး) ဖြစ်နေမှ အစားထိုးစရာ ရှာနေရလို့ရှိရင် (၁၉၈၈) တုန်းကလိုပဲ ထိပ်ပိုင်းမှာ ငြင်းခုံပြီး ကျားစားခံ လိုက်ရတာ ဖြစ်သွားလိမ့်မယ်။ ဒါကြောင့် အခုကတည်းက (ချက်ချင်း) အစားထိုးစရာ ပြင်ဆင်ထားရမယ်။ ဗကပ ကတော့ ‘၁၉၄၇ အခြေခံဥပဒေ’ နဲ့ “NLD-CRPP” ကို အစားထိုးစရာအဖြစ် သဘောထားနိုင်ပါတယ်။ ဒီနေရာမှာ ဘာကြောင့်ဒီနှစ်ခုကို ရွေးတယ်ဆိုတာကို နည်းနည်းရှင်းပြဖို့လိုမယ် ထင်ပါတယ်။ “NLD-CRPP” ကို ရွေးတာကတော့ သိပ်ရှင်းဖို့မလိုဘူး ထင်ပါတယ်။ “NLD-CRPP”နှစ်ဖွဲ့စလုံးမှာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတုန်းက လူထုက သူတို့ကို အာဏာကုန်လွှဲပေးထားပြီးလို့ ဖြစ်ပါတယ်။ ‘၁၉၄၇ အခြေခံဥပဒေ’ကို တင်ပြတာကတော့ ကိုယ့်ဘက်က အနိုင်ရရင် တက်လာတဲ့အဖွဲ့ - ဥပမာ ယာယီအစိုးရတရပ် - ဟာ ဘယ်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံပြီးလုပ်မှာလည်းဆိုတဲ့ လက်တွေ့ပြဿနာနဲ့ ရင်ဆိုင်ရပါမယ်။ ဒီတော့မှ မိမိတို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးပါဘူး၊ အခြေခံဥပဒေ မရှိသေးဘဲနဲ့ ယာယီအစိုးရ လုပ်ပါမယ်ဆိုတာမျိုးပြောလို့ မဖြစ်ပါဘူး။ ဗကပ အနေနဲ့ ‘၁၉၄၇ အခြေခံဥပဒေ’ဟာ ပြီးပြည့်စုံတယ်လို့ မယူဆပါဘူး။ ဒါပေမဲ့ ဒီအခြေခံဥပဒေဟာ ဗမာပြည်သမိုင်းမှာ တခုတည်းသော ပြည်သူလူထုရဲ့ အာဏာပေးအပ်မှု(mandate) နဲ့ ရေးဆွဲခဲ့တဲ့ဥပဒေ ဖြစ်ပါတယ်။ လွတ်လပ်ရေးတိုက်ပွဲရဲ့ အရှိန်အဟုန်၊ တိုက်ပွဲဝင်ခဲ့သူတွေရဲ့ စဉ်းစားဆုံးဖြတ်မှုနဲ့ ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီး လတ်တလောအနေအထားမှာ ပြည်သူလူထုအကြား၊ ကိုယ့်ဘက်က အင်အားစုတွေအကြားမှာ ပြဿနာ ကြီးကြီးမားမား မဖြစ်ပေါ်အောင် ထိန်းထားနိုင်စွမ်းရှိမယ်လို့ ဗကပ က ယုံကြည်လို့ တင်ပြတာ ဖြစ်ပါတယ်။ ကိုယ့်ဘက်က အနည်ကျသွားရင် ဒီဥပဒေကိုပြုပြင်တာ၊ တိုးချဲ့တာ၊ အသစ်ရေးဆွဲတာတွေ လုပ်သွားလို့ရပါတယ်။

၃။ နောက်အရေးကြီးတဲ့ အချက်ကတော့ ‘အမျိုးသားညီညွတ်ရေး’ တည်ဆောက်ရာမှာလည်း တပ်မတော်ကို ချန်ထားလို့ မရဘူး ဆိုတာပါပဲ၊ ၁၉၄၄ ခုနှစ်တုန်းကလိုပဲ ဖြစ်သင့်တယ်။ ဖြစ်လည်း ဖြစ်နိုင်ပါတယ်။ တပ်မတော်ထဲမှာ ဒီနေ့ လက်ရှိဖြစ်ပျက်နေတာတွေကို မကြိုက်မနှစ်မြို့သူတွေ၊ အပြောင်းအလဲတခုခုတော့ ဖြစ်မှလို့သဘောပေါက်နေတဲ့သူတွေ မနည်းဘဲရှိတယ်ဆိုတာ အားလုံးပဲ သိပါတယ်၊ ရှစ်လေးလုံးတုန်းက ဦးမောင်မောင်ပြောတဲ့ “နှုတ်ဆိတ်နေတဲ့အများစုကြီး” ဆိုတဲ့ အသုံးအနှုန်းဟာ ဒီတပ်မတော်သား

တွေနဲ့မှ ထိုက်သင့်တာပါ။ သူတို့ကို ပြောလာအောင်၊ ဘက်ပြောင်းလာအောင် လုပ်ရပါမယ်။ နောက်ပြီး ထိပ်ပိုင်းထဲကနေ တချိန်မှာမှ ဘက်ပြောင်းဖို့ ဆုံးဖြတ်သူတွေကိုလည်း စာနာနားလည်ရပါမယ်။

ကျွန်တော်တို့ရဲ့ရှေ့မှာ လက်တွေ့မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းရပ်ကြီး တည်ရှိနေပါပြီ၊ ဒါကို ပြည်သူလူထုအားလုံး၊ အတိုက်အခံ အင်အားစုအားလုံး သေသေချာချာစဉ်းစားပြီး ညီညွတ်မှုကို ဦးတင်ကာ စတင်ပြင်ဆင် အကောင်အထည် ဖော်သွားကြပါစို့။